# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ

# Taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve a khaw-anˍ gu fanˬ ha‸ shaˉ ve te hk’aˇ uˉpaˍteˍ teˇ hpa

အမိန့်ကြော်ငြာစာအမှတ် ၄၈/ ၂၀၁၉

tawˇ piˇ shiˍpiˇ ve li‸ naˍ ba‸ - 48/ 2019

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

1381- hk'aw‸, g'aw-aˍhkaoˍ ha pa ya‸ 8 nyi

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

(2019 - hk'aw‸, Awˉgoˆ ha pa - 23 nyi)

# NYI CA KUIˬ

**Naˍba‸** **Awˬlawn** **Li‸mehˆhpfuhˇ**


| Naˍba‸ | Awˬlawn | Li‸mehˆhpfuhˇ |
|---|---|---|
| 1 | Awˬ taw – (1)<br>Awˬ meh leh tcuh¯ kuiˬ hpeu‸ maˍ ve | 1 |
| 2 | Awˬ taw – (2)<br>Kawnˍmiˍtiˍ leh kan¯ awˬ moˍ shawˍ ve | 4 |
| 3. | Awˬtaw–(3)<br>Taiˇ awˬ ti lon¯, maˇheˆka‸, piˍnehˍ lo<br>taiˇ yeˇ taˇ chaw ceuˬ hpawˇ leh, ca caˇ<br>g’a‸ caˇ tanˇ kaˬ naˬ hk’ai¯ a sha‸ hu hk’aˇ<br>uiˍ la mvuh la tuˬ kan¯ te ve | 4 |
| 4. | Awˬ taw – (4)<br>Taiˇ yeˇtaˇ chaw ceuˬ teˇ hpaˍ ve<br>a hkaw-anˍ hta‸ gu fanˬ ha‸ sha¯ ve | 5 |
| 5. | Awˬ taw – (5)<br>Hpiˆ da‸ kuiˬ jehˬ hawˍ ve | 10 |
| 6. | Awˬ taw – (6)<br>Kan¯ hk'aˇ lon¯ awˬ hk'aˇ gu te k'ai ve | 12 |
| 7. | Awˬ taw – (7)<br>Awˬ nu awˬ na | 14 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ကော်မတီနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း(၃)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၄ |
| ၄။ | အခန်း(၄)<br>တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း | ၅ |
| ၅။ | အခန်း(၅)<br>အငြင်းပွားမှုဖြေရှင်းခြင်း | ၁၀ |
| ၆။ | အခန်း(၆)<br>စီမံကိန်းများ<br>အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၂ |
| ၇။ | အခန်း(၇)<br>အထွေထွေ | ၁၄ |

**Pi_htao_su^ Ta_ma_da^ Man mvuhˇmi˯ a cu¯ya˰**

**taiˇyeˇtaˇ chaw ceu˯ hpawˇ g'o_jiˇ hta_na^**

**tawˇ piˇ shi_piˇ ve li˰ na_ ba˰ - 48/ 2019**

**1381- hk'aw˰, g'aw-a_hkao_ ha pa ya˰ 8 nyi**

**(2019 - hk'aw˰, Aw¯go^ ha pa - 23 nyi)**

Taiˇyeˇtaˇ chaw ceu˯ hpawˇ g'o_jiˇ hta_na^ leh˯- taiˇyeˇtaˇ chaw ceu˯ teˇhpa_ ve a hkaw-an_ gu fan˯ ha˰ sha¯ ve u¯pa_te_ aw˯ taw 34, aw˯ taw eh¯ (ka^) hta˰ peun leh, a˰ laˇ ta_ ve te g'a ve a hkaw-an_ hta˰ yehˇ leh, pi_ htao_ su^ a cu¯ ya˰ ve sha hpawˇ hta˰ yu˯ leh, te hk'aˇ u¯ pa_ te_ chi teˇ hpa_ hta˰ te taw^ ve yo˯.

## Aw˯ taw – (1)
## Aw˯ meh leh tcuh¯ kui˯ hpeu˰ ma_ ve

1. Te hk'aˇ u¯ pa_te_ chi hta˰ taiˇyeˇtaˇ chaw ceu˯ hpawˇ g'o_jiˇ hta_na^ leh˯- taiˇyeˇtaˇ chaw ceu˯ teˇhpa_ ve a hkaw-an_ gu fan˯ ha˰ sha¯ ve u¯pa_te_ teˇhpa_ teh˰ g'a ku˯ piˇ law˯ ve yo˯.

2. Te hk'aˇ u¯ pa_te_ chi aw˯ hk'aw paˇ ve tawˇ hkawˇ teˇ hpa_ leh˯- taiˇyeˇtaˇ chaw ceu˯ teˇhpa_ ve a hkaw-an_ gu fan˯ ha˰ sha¯ ve u¯pa_te_ aw˯ hk'aw paˇ ve hk'e tcuh¯ kui˯ g'a caw˯ piˇ law˯ ve yo˯. Chi hk'o^ ka˰, aw˯ haw¯ ve tawˇ hkawˇ teˇ hpa_ leh˯- ma_ laˇ ta_ ve hk'e tcuh¯kui˯ g'a caw˯ piˇ law˯ ve yo˯.

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၄၈/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၃၄ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(A) **Uˉpaˍteˍ** k'oˆ ve lehˬ- taiˇyeˇtaˇ chaw ceuˬ teˇhpaˍ ve a hkaw-anˍ gu fanˬ ha˰ shaˉ ve uˉpaˍteˍ hta˰ k'oˆ gaˇ ve yoˬ.

(B) **Ponˍ saˍ** k'oˆ ve lehˬ- chi te hk'aˇ uˉpaˍteˍ hk'aw paˇ ve ponˍ saˍ (awˬ ho˰) teˇ ceuˬ ceuˬ hta˰ k'oˆ gaˇ ve yoˬ.

(C) **Hpiˆ da˰ kuiˬ** k'oˆ ve lehˬ- taiˇyeˇtaˇ chaw ceuˬ awˬ chawˇ chawˇ, maˇheˆka˰, taiˇyeˇtaˇ chaw ceuˬ teˇ ceuˬ leh teˇ ceuˬ awˬ kaˍ, taiˇyeˇtaˇ chaw ceuˬ teˇ hpaˍ ve a hkaw-anˍ gu fanˬ ha˰ shaˉ ve uˉpaˍteˍ awˬ taw -2, awˬ taw ehˉ (saˆ) hk'aw paˇ ve taiˇyeˇtaˇ chaw ceuˬ hpawˇ kanˉ awˬ lawn teˇ hpaˍ hta˰caˉ da˰ ve hpiˆ da˰ kuiˬ hta˰ k'oˆ gaˇ ve yoˬ.

(D) **A hkaw-anˍ naˍ kuiˬ shonˇ kuiˬ** k'oˆ ve lehˬ- teh taˍ ve awˬ hkuiˉ puiˍ uˉ paˍteˍ leh, taiˇ yeˇ taˇ chaw ceuˬ ve a hkaw-anˍ gu fanˬ ha˰ shaˉ ve uˉpaˍteˍ hk'aw paˇ ve taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve a hkaw-anˍ teˇ hpaˍ naˬ kuiˬ shonˇ kuiˬ hta˰ k'oˆ gaˇ ve yoˬ.

(က) **ဥပဒေ** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ဆိုသည်။

(ခ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသည့် ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

(ဂ) **အငြင်းပွားမှု** ဆိုသည်မှာ တိုင်းရင်းသားအချင်းချင်း သို့မဟုတ်တိုင်းရင်းသားလူမျိုးများအကြား တိုင်းရင်း သားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက် သည့် ဥပဒေပုဒ်မ ၂ ပုဒ်မ ခွဲ (စ) ပါ တိုင်းရင်းသား ရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှု ကို ဆိုသည်။

(ဃ) **အခွင့်အရေးနစ်နာဆုံးရှုံးမှု** ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှု ကို ဆိုသည်။

(E) **Kan¯ hk'aˇ** k'o^ ve leh˯**-** taiˇyeˇtaˇ chaw ceu˯ teˇ hpa˗ ve chehˇ kui˯ aw˯ hk'aw, ui˗ la mvuh la tu˯ kan¯ teˇ hpa˗, mi˯ gui˯ aw˯ haw¯ aw˯ na caw˯ ve mawˇ lai¯ ceu˯ yu˯ taw^ yehˇ ve kan¯ teˇ hpa˗, chaw liˇ vaˇ liˇ, tanˇka˯ hpawˇ ca¯ da˄ ve kan¯ leh aw˯ nu ve aw˯ hpawˇ lawˇ teˇ hpa˗ hta˄ aw˯ hk'aˇ gu te k'ai g'a tu˯ aw˯ hk'aˇ cawˇ cawˇ teˇ na˄ gu fan˯ teh leh te ve kan¯ teˇ hpa˗ hta˄ k'o^ gaˇ ve yo˯.

(F) **Ui˗ la mvuh la kui˯ i jaˇ ve taiˇ yeˇ taˇ chaw ceu˯ teˇ hpa˗** k'o^ ve leh˯- chi g'o˗jiˇ hta˗na^ leh˯ - ui˗ la mvuh la kui˯ i jaˇ ve chehˇ kui˯ teh˄, haw˗ da˄ ve hk'e, tawˇ piˇ shi˗ piˇ ve li˄ taw^ leh shaw˗ teh ta^ teh ta˗ ve chehˇ kui˯ teˇ hpa˗ lo chehˇ ve taiˇ yeˇ taˇ chaw ceu˯ teˇ hpa˗ hta˄ k'o^ gaˇ ve yo˯.

(င) **စီမံကိန်း** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားသော ကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ ကြိုတင်စီမံ ဆောင်ရွက်သော လုပ်ငန်းများကို ဆိုသည်။

(စ) **ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ဦးစီးဌာနက ဖွံ့ဖြိုး တိုးတက်မှုနည်းပါးသည့်ဒေသအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော နေရာဒေသများတွင် အခြေချနေထိုင်သည့် တိုင်းရင်းသားလူမျိုးများကိုဆိုသည်။

## Awˬtaw - 2

## Kawnˍmiˍtiˍ leh kan¯ awˬmoˍ shawˍ ve

3. Gʼoˍ jiˇ htaˍ naˆ lehˬ- taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve tawˇ hkʼawˇ, li˰, hkui meuˇ la˰ meuˇ cuˇ yiˍ, chaw liˇ vaˇ liˇ, awˬ liˇ awˬ hkʼaˇ, **chaw ceuˬ ve awˬ ho˰ awˬ heˆ leh raˍsaˍvanˍ awˬ shinˇ awˬ ka teˇ hpaˍ hta˰***ha˰ sha¯ yuˬ mvuh tuˬ leh, uiˍ la mvuh la hpawˇ i jaˇ ve taiˇyeˇtaˇ chaw ceuˬ hui ve ca caˇ gʼa˰ caˇ tanˇ kaˬ naˬ hkʼai¯ a sha˰ hu hkʼaˇ uiˍ la mvuh la tuˬ te gʼa tuˬ, ca¯ da˰ ve piˍhtaoˬsuˆgʼoˍjiˇhtaˍ naˆ teˇ hpaˍ hta˰ jehˬ da˰ leh, loˍ ve kawnˍmiˍtiˍ leh kan¯ awˬ moˍ teˇ hpaˍ hta˰ shawˍ teh hpeh˰ ve yoˬ.

4 Gʼoˍ jiˇ htaˍ naˆ lehˬ te hkʼaˇ u¯paˍteˍ-3 hta˰ cuˇ leh shawˍ teh ve kawnˍmiˍtiˍ leh kan¯ awˬ moˍ teˇ hpaˍ ve kan¯ awˬ vuiˬ teˇ hpaˍ hta˰ gʼa taˆ teh piˇ ve yoˬ.

## Awˬtaw - 3

## Tai¯ awˬ ti lon¯, maˇ heˆ ka˰, piˍnehˍ teˇ hpaˍ lo taiˇyeˇtaˇ kan¯ leh ca caˇ gʼa˰ caˇ tanˇ kaˬ naˬ hkʼai¯ a sha˰ hu hkʼaˇ uiˍ la mvuh la tuˬ te ve

5. Piˍhtaoˍsuˆ gʼoˍjiˇ lehˬ- ca¯ da˰ ve taiˇ awˬ ti lon¯, maˇ heˆ ka˰, piˍnehˍ teˇ hpaˍ lo taiˇyeˇtaˇ kan¯ leh, taiˇyeˇtaˇ hui ve chaw yaˇ ca caˇ gʼa˰ caˇ hpu shi ca hkʼaˇ uiˍ la mvuh la ve kan¯ teˇ hpaˍ hta˰ pawnˇ da˰ jehˬ da˰ te gʼa tuˬ, ca¯ da˰ ve piˍnehˍgʼoˍjiˇ choˆ hta˰ jehˬ da˰ leh ca¯ da˰ ve tai¯ awˬ ti lon¯, maˇ heˆ ka˰, piˍnehˍgʼoˍjiˇ hta˰ awˬ vuiˬ pehˬ piˇ a˰ piˇ gʼa ve yoˬ

**.*10-7-2020 nyi htaˇ aw¯ law¯ teˇ pawˆ gʼu pa ve yoˬ.**

## အခန်း(၂)
## ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ **အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို*** ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး လိုအပ်သော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း(၃)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၅။ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်သည်။

***၁၀-၇-၂၀၂၀ရက်နေ့တွင်ပထမအကြိမ်ပြင်ဆင်သည်။**

6. Te hk'aˇ uˉpa_te_-5 hta‸ cuˇ leh, aw⌄ vui⌄ peh⌄ piˇ ve hta‸ g'a hkan_ ve g'o_jiˇ leh⌄- yawˇ g'a te cawˇ ve kanˇ aw⌄ vui⌄ teˇ hpa_ hta‸ kanˉ hk'aˇ hk'a taˆ-eh_ teˇ g'a tu⌄ pon, caˉ da‸ ve taiˉ aw⌄ ti lonˉ, maˇ heˆ ka‸, pi_neh_ lo ve aw⌄ nu g'o_ jiˇ hta_ naˆ teˇ hpa_, a cuˉ ya‸ hta_ naˆ teˇ hpa_, a cuˉ ya‸ aw⌄ mo_ aw⌄ tsuh‸ teˇ hpa_, a shu yaˇ hk'aˇ uˉ peun_ a hk'aw-an_ g'a taiˇ, maˇ heˆ k'a‸, a shu yawˇ hk'aˇ uˉ peun_ a hk'aw-an_ g'a aw⌄ ti uˉ peun_ pa_ aw⌄ mo_ leh lo_ ve hk'e pawnˇ da‸ jeh⌄ haw_ te k'ai g'a ve yo⌄.

## Aw⌄taw-4
## Taiˇ yeˇ taˇ chawˇ ceu⌄ teˇ hpa_ ve a hk'aw-an_ gu fan⌄ ha‸ shaˇ ve

7. Taiˇ yeˇ taˇ chawˇ ceu⌄ teˇ hpa_ leh⌄- a shu yawˇ taiˇ yeˇ taˇ chawˇ ceu⌄ teˇ hpa_ ve a hk'aw-an_ shonˇ ve na⌄ ve maˇ k'oˆ, a hk'aw-an_ shonˇ k'ai g'a tu⌄ caw⌄ ve maˇ k'oˆ, hta⌄ piˇ ha‸ shaˇ piˇ g'a hpeh‸ tu⌄ pon, caˉ da‸ ve taiˉ aw⌄ ti lonˉ, maˇ heˆ ka‸, pi_ neh_ a cuˉ ya‸ aw⌄ mo_ geh, pon_ sa_-1 leh, tan_ ma_ hpeh‸ ve yo⌄.

၆။ နည်းဥပဒေ ၅ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ် စောင့်ရှောက်ခြင်း

၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးလျှင်သော်လည်းကောင်း၊ အခွင့်အရေး နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိလျှင်သော်လည်းကောင်း ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ ပုံစံ(၁)ဖြင့် တင်ပြနိုင်သည်။

8. Caˉ da˰ ve taiˉ aw˯ ti lonˉ, maˇ heˆ ka˰, piˍnehˍ a cuˉ ya˰ aw˯ moˍ leh˯- ponˍ saˍ-1 leh, tanˍ maˍ ve hta˰ ha˰ yu˯ peu˯ ve teˇ yanˇ, tanˍ maˍ la ve taiˇ yeˇ taˇ chaw ceu˯ ve a hkaw-anˍ shonˇ kui˯ maˇ g’a caw˯ tu˯ aw˯ pon, loˍ ve hta˯ piˇ ha˰ shaˇ piˇ ve g’a hpeh˰ tu˯, caˉ da˰ ve taiˉ aw˯ ti lonˉ, maˇ heˆ ka˰, piˍnehˍ hta˰ caˉ da˰ ve taiˇyeˇtaˇ chaw ceu˯ hpawˇ ve g’oˍ jiˇ hta˰ aw˯ vui˯ piˇ leh, g’a te tcuh ve yo˯. Caˉ da˰ ve taiˇyeˇtaˇ chaw ceu˯ hpawˇ ve g’oˍ jiˇ maˇ caw˯ k’o, hawˍ da˰ ve taiˉ aw˯ ti lonˉ, maˇ heˆ ka˰, piˍ neh˯ a cuˉ ya˰ aw˯ moˍ hk’aw ve g’oˍ jiˇ teˇ g’aˇ g’aˇ hta˰ aw˯ vui˯ piˇ leh g’a te tcuh ve yo˯.

9. Te hk’aˇ uˉ pa˯ teˍ-8 hta˰ cuˇ leh, kanˉ aw˯ vui˯ piˇ ve hta˰ g’a hkanˍ ve g’oˍ jiˇ leh˯- tanˍ maˍ kui˯ aw˯ hk’oˆ taiˇ yeˇ taˇ chawˇ ceu˯ teˇ hpaˍ ve a hk’aw-anˍ shonˇ kui˯ na˯ kui˯ caw˯ maˇ caw˯ ve g’a cha˯ nyi˯ ve yo˯. Cha˯ nyi˯ kui˯ hk’aw, taiˇ yeˇ taˇ chawˇ ceu˯ teˇ hpaˍ ve a hk’aw-anˍ shonˇ kui˯ na˯ kui˯ caw˯ ve hta˰ g’a maw˯ k’o, hta˯ piˇ ha˰ shaˉ piˇ g’a tu˯ cha˯ nyi˯ maw˯ kui˯ hta˰ caˉ da˰ ve taiˉ aw˯ ti lonˉ, maˇ heˆ k’a˰, piˍ nehˍ a cuˉ ya˰ aw˯ moˍ geh, ponˍ saˍ(1-kaˆ) leh, tanˍ maˍ leh, caˉ da˰ ve taiˇ aw˯ ti lonˉ, maˇ heˆ k’a˰, piˍ nehˍ a cuˉ ya˰ aw˯ moˍ ve dawˇ cheˆ hk’aˇ hta˰ cuˇ leh maˇ k’oˆ, caˉ da˰ ve taiˇ aw˯ ti lonˉ maˇ heˆ k’a˰, piˍ nehˍ ve g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cuˉ ya˰ htaˍ naˆ teˇ hpaˍ, a cuˉ ya˰ aw˯ moˍ aw˯ tsuh˰ teˇ hpaˍ, a shu yawˇ hk’aˇ uˉ peunˍ a hk’aw-anˍ g’a taiˇ, maˇ heˆ k’a˰, a shu yawˇ hk’aˇ uˉ peunˍ a hk’aw-anˍ g’a aw˯ ti uˉ peunˍ paˍ aw˯ moˍ leh, loˍ ve hk’e, pawnˇ da˰ jeh˯ hawˍ te k’ai g’a ve yo˯.

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုံစံ(၁) ဖြင့်တင်ပြချက်ကို လက်ခံရရှိသည့်အခါ တင်ပြလာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။

၉။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် တင်ပြချက်အပေါ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ရမည်။ စိစစ်ချက်အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် စိစစ်တွေ့ရှိချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-က) ဖြင့် တင်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

10. (A) Te hk’aˇ u¯ paˍ teˍ-8 awˬ hk’aw, awˬ vuiˬ piˇ ve hta˰ g’a hk’aˍ ve g’oˍjiˇ lehˬ- te hk’aˇ u¯paˍteˍ-9 hta˰ peun leh, chaˬ nyi te k’ai htaˇ, taiˇyeˇtaˇ chaw ceuˬ teˇ hpaˍ ve a hk’aw-anˍ naˬ kuiˬ shonˇ kuiˬ hpeh˰ ve hta˰ g’a mawˬ leh, htaˬ piˇ ha˰ sha¯ piˇ g’a tuˬ, piˍ htaoˍ suˆ awˬ htaiˬ cawˬ ve awˬ nu g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ awˬ moˍ teˇ hpaˍ ve ga laˇ kuiˬ hta˰ g’a tuˬ loˍ ve teh˰, g’a mawˬ ve k’o, ca¯ da˰ ve taiˇ awˬ ti lon¯, maˇ heˆ ka˰, piˍ nehˍ a cu¯ ya˰ awˬ moˍ geh,ponˍ saˍ (1-hkaˆ) leh maˇ k’oˆ, ca¯ da˰ ve tai¯ awˬ ti lon¯, maˇ heˆ ka˰, piˍ nehˍ a cu¯ ya˰ awˬ moˍ hta˰ teˇ ca¯ te leh g’oˍ jiˇ htaˍ naˆ geh ponˍ saˍ (1-gaˆ) leh maˇ k’oˆ, g’a tanˍ maˍ ve yoˬ.

(B) Taiˇ chehˇ kuiˬ lon¯ maˇ heˆ ka˰ piˍ nehˍ a cu¯ ya˰ lehˬ te hk’aˇ u¯paˍteˍ awˬ taw eh¯ (kaˆ) hta˰ peun leh, tanˍ maˍ kuiˬ hta˰ ca¯ da˰ leh, piˍ htaoˍ suˆ awˬ htaiˬ cawˬ ve g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ awˬ moˍ awˬ tsuh˰ teˇ hpaˍ ve ga laˇ kuiˬ hta˰ g’a tuˬ loˍ ve teh˰, chaˬ nyi leh g’a mawˬ k’o piˍ htaoˍ suˆ a cu¯ ya˰ awˬ moˍ geh ca¯ leh g’a k’aw˰ tanˍ maˍ ve yoˬ.

(C) G’oˍ jiˇ htaˍ naˆ lehˬ te liˇ u¯ paˍ teˍ awˬ taw eh¯ (kaˆ) hta˰ peun leh tanˍ maˍ kuiˬ hta˰ ca¯ da˰ leh piˍ htaoˍ suˆ awˬ htaiˬ cawˬ ve g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ awˬ moˍ awˬ tsuh˰ teˇ hpaˍ ve ga laˇ kuiˬ hta˰ g’a tuˬ loˍ ve teh˰, chaˬ nyi leh g’a mawˬ k’o, piˍ htaoˍ suˆ a cu¯ ya˰ awˬ moˍ geh ca¯ leh g’a k’aw˰ tanˍ maˍ ve yoˬ.

၁၀။ (က) နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် နည်းဥပဒေ ၉ အရ စိစစ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်းတွေ့ရှိပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-ခ)ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၁-ဂ) ဖြင့် လည်းကောင်း တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ဆက်လက်တင်ပြရမည်။

11. Te hk'aˇ uˉpaˍteˍ-8 hta‸ peun leh, awˬ vuiˬ piˇ ve hta‸ g'a hk'aˍ ve g'oˍjiˇ lehˬ- yawˇ g'a te tuˬ ve kanˉ awˬ hk'aw taiˉyeˇtaˇ chaw ceuˬ teˇ hpaˍ ve a hkaw-anˍ hta‸ htaˬ piˇ ha‸ shaˉ piˇ maˇ g'a k'o, awˬ lawn awˬ tanˇ biˇ chaweh hpeu‸ maˍ leh, taiˇ awˬ ti lonˉ, maˇ heˆ ka‸, piˍnehˍ a cuˉ ya‸ awˬ moˍ geh, ponˍsaˍ (1-gaˆjiˇ) leh, g'a tanˍ maˍ ve yoˬ.

12. Taiˇ awˬ ti lonˉ, maˇ heˆ ka‸, piˍ nehˍ a cuˉ ya‸ awˬ moˍ lehˬ- te hk'aˇ uˉpaˍteˍ-11 hta‸ peun leh, tanˍ maˍ laˇ ve kanˉ lehˬ- piˍ htaoˍ suˆ awˬ htaiˬ lo te cawˇ ve teh‸ g'a mawˬ k'o, loˍ ve hk'e, te k'ai piˇ g'a tuˬ pon, piˍ htaoˍ suˆ a cuˉ ya‸ awˬ moˍ geh g'a tanˍ maˍ ve yoˬ.

13. (A) Piˍ htaoˍ suˆ a cuˉ ya‸ awˬ moˍ lehˬ- te hk'aˇ uˉpaˍteˍ-12 hta‸ peun leh, tanˍ maˍ laˇ kuiˬ hta‸ caˉ da‸ leh, loˍ ve hk'e te g'a tuˬ, piˍ htaoˍ suˆ g'oˍ jiˇ hta‸ awˬ vuiˬ g'a piˇ ve yoˬ.

၁၁။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့်ကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်း မရှိပါက အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၁-ဃ) ဖြင့် တင်ပြရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၁၁ အရ တင်ပြလာသည့်ကိစ္စမှာ ပြည်ထောင်စု အဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နည်းဥပဒေ ၁၂ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(B) Piˍ htaoˍ suˆ g’oˍ jiˇ lehˬ- te hk’aˇ u¯ paˍ teˍ awˬ taw eh¯(kaˆ) hta˰ peun leh, awˬ vuiˬ piˇ ve taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve a hk’aw-anˍ shonˇ ve naˬ ve awˬ lawn hta˰, htaˬ piˇ ha˰ sha¯ piˇ g’a tuˬ pon, piˍ htaoˍ suˆ a cu¯ ya˰ awˬ moˍ ve dawˇ cheˆ hk’aˇ hta˰ cuˇ leh maˇ k’oˆ, piˍ htaoˍ suˆ awˬ htaiˬ cawˬ ve ca¯ da˰ ve g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ htaˍ naˆ teˇ hpaˍ, a cu¯ ya˰ awˬ moˍ awˬ tsuh˰ teˇ hpaˍ hta˰ pawnˇ da˰ jehˬ hawˍ leh g’a te k’ai ve yoˬ.

(C) Piˍ htaoˍ suˆ g’oˍjiˇ lehˬ- te hk’aˇ u¯paˍteˍ awˬ taw eh¯(kaˆ) hta˰ peun leh, awˬ vuiˬ piˇ ve kan¯ teˇ hpaˍ hta˰ te k’ai htaˇ, loˍ pui¯ law k’o, g’oˍjiˇ htaˍ naˆ leh ca¯ da˰ ve awˬ nu g’oˍ jiˇ teˇ hpaˍ tanˍ keu laˇ ve chaw teˇ hpaˍ paˇ ve kawnˍmiˍtiˍ awˬ moˍ hta˰ piˍ htaoˍ suˆ a cu¯ ya˰ ve sha hpawˇ hta˰ cuˇ leh awˬ moˍ shawˍ teh leh te hpeh˰ ve yoˬ.

14. Te hk’aˇ u¯paˍteˍ-9 hta˰ peun leh tanˍ maˍ la ve a hk’aw-anˍ shonˇ kuiˬ naˬ kuiˬ leh ca¯ da˰ ve kan¯ awˬ lawn awˬ hk’aw ca¯ da˰ ve taiˇ awˬ ti lon¯ maˇ heˆ ka˰ piˍ nehˍ a cu¯ ya˰ ve dawˆ cheˆ hk’aˇ lehˬ peuˬ ve cheˆ ve hpeh˰ ve yoˬ.

(ခ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ(က) အရ တာဝန်ပေးအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများမှ အဆိုပြုသည့် ပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၄။ နည်းဥပဒေ ၉ အရ တင်ပြလာသော အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

15. Te hk’aˇ uˉ paˍ teˍ -10 leh 12 hta˰ peun leh, tanˍ maˍ laˇ ve a hkaw-anˍ shonˇ kuiˬ hta˰ caˉ da˰ ve kanˉ awˬ hk’aw lo, piˍ htaoˍ suˆ a cuˉ ya˰ awˬ moˍ ve dawˇ cheˆ hk’aˇ lehˬ-peuˬ ve cheˆ ve hpeh˰ ve yoˬ.

## Awˬ taw (5)
## Hpiˆ da˰ kuiˬ jehˬ hawˍ ve

16. Piˍ htaoˍ suˆ g’oˍ jiˇ lehˬ- taiˇ yeˇ taˇ awˬ chawˇ chawˇ, maˇ heˆ ka˰, taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ awˬ kaˍ hpeh˰ ve hpiˆ da˰ kuiˬ teˇ hpaˍ hta˰ pawnˇ da˰ jehˬ da˰ leh te peuˬ g’a tuˬ, caˉ da˰ ve taiˇ awˬ ti lonˉ, maˇ heˆ ka˰, piˍ nehˍ g’oˍ jiˇ choˆ hta˰ jehˬ da˰ leh caˉ da˰ ve taiˇ awˬ ti lonˉ, maˇ heˆ ka˰, piˍ nehˍ g’oˍ jiˇ choˆ hta˰ awˬ vuiˬ pehˬ piˇ hpeh˰ ve yoˬ.

17. Taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ lehˬ- a shu yawˇ taiˇ yeˇ taˇ awˬ chawˇ chawˇ, maˇ heˆ ka˰, taiˇ yeˇ taˇ chaw ceuˬ awˬ kaˍ lo hpiˆ da˰ kuiˬ teˇ ceuˬ teˇ yanˍ hpeh˰ la k’o, te peuˬ piˇ g’a tuˬ pon, taiˇ awˬ ti lonˉ, maˇ heˆ ka˰, piˍ nehˍ taiˇ yeˇ taˇ a hkaw-anˍ htaˬ piˇ ha˰ shaˉ piˇ ve uˉ tzuh htaˍ naˆ hta˰ teˇ caˉ, te hk’aˇ uˉ paˍ teˍ 16 hta˰ peun leh, awˬ vuiˬ pehˬ piˇ ve hta˰ g’a hk’aˍ ve g’oˍ jiˇ geh, ponˍ saˍ(2) leh, g’a tanˍ maˍ ve yoˬ.

၁၅။ နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၂ တို့အရ တင်ပြလာသော အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၅)
## အငြင်းပွားမှုဖြေရှင်းခြင်း

၁၆။ ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်းပြုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်သည်။

၁၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တစ်ဆင့် နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးထံ ပုံစံ (၂) ဖြင့် တင်ပြရမည်။

18. Te hk’aˇ uˉpaˍteˍ -16 hta‸ cuˇ leh, awˬ vuiˬ pehˬ piˇ ve hta‸ g’a hk’aˍ ve g’oˍjiˇ lehˬ- hpiˆ da‸ kuiˬ hta‸ jehˬ hawˍ htaˇ-

(A) Caˉ da‸ ve taiˇ awˬ ti lonˉ, maˇ heˆ ka‸, piˍnehˍ ve awˬ nu g’oˍ jiˇ htaˍ naˆ teˇ hpaˍ, a cuˉ ya‸ awˬ moˍ awˬ tsuh‸ teˇ hpaˍ, a shu yawˇ hk’aˇ uˉ peuˍ a hkaw-anˍ g’a taiˇ, maˇ heˆ ka‸, a shu yawˇ hk’aˇ uˉ peuˍ a hkaw-anˍ g’a awˬ ti uˉ tzuh awˬ moˍ teˇ hpaˍ leh, loˍ ve k’o, pawnˇ da‸ jehˬ hawˍ, g’a te peuˬ ve yoˬ.

(B) Hpiˆ da‸ ve kanˉ teˇ hpaˍ hta‸ caˉ da‸ leh, g’a taˍ ve jehˬ hawˍ te peuˬ kuiˬ teˇ hpaˍ hta‸ caˉ da‸ ve taiˇ awˬ ti lonˉ, maˇ heˆ ka‸, piˍnehˍ a cuˉ ya‸ awˬ moˍ geh, ponˍ saˍ(2-kaˆ) leh maˇ k’oˆ, piˍhtaoˍsuˆ g’oˍjiˇ geh ponˍsaˍ(2-kaˆ) leh maˇ k’oˆ, g’a tanˍ maˍ ve yoˬ.

19. Piˍ htaoˍ suˆ g’oˍjiˇ leh, caˉ da‸ ve taiˇ awˬ ti lonˉ, maˇ heˆ ka‸, piˍnehˍ a cuˉ ya‸ awˬmoˍ hui lehˬ- te hk’aˇ uˉ paˍ teˍ- 18, awˬ taw ehˉ (hkaˆ) hta‸ peun leh, tanˍ maˍ kuiˬ hta‸ caˉ da‸ leh, loˍ ve k’o, piˍ htaoˍ suˆ a cuˉ ya‸ awˬ moˍ geh tanˍ maˍ leh, pawnˇ da‸ jehˬ hawˍ te peuˬ g’a ve yoˬ.

၁၈။ နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် အငြင်းပွားမှုများကို ဖြေရှင်းရာတွင်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့ အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းရမည်။

(ခ) အငြင်းပွားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရရှိလာသည့် ညှိနှိုင်းဖြေရှင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၂-က) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးသို့ ပုံစံ(၂-ခ) ဖြင့် လည်းကောင်း တင်ပြရမည်။

၁၉။ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း နိုင်သည်။

## Awˬ taw-6

## Kan¯ hk'aˇ teˇ hpa˗ te k'ai ve

20. Taiˇ yeˇ taˇ chaw ceuˬ teˇ hpa˗ chehˇ ve awˬ ti awˬ hk'aw, te k'ai tuˬ ve kan¯ hk'aˇ hta˰ ca¯ da˰ leh, kan¯ hk'aˇ tan˗ ma˗ pa˗ lehˬ-

(A) Kan¯ hk'aˇ ve da˰ hk'aˇ luˬ hk'aˇ leh, awˬ lawn awˬ tanˇ teˇ hpa˗ hta˰ kan¯ hk'aˇ te k'ai kuiˬ lo chehˇ ve taiˇ yeˇ taˇ teˇ hpa˗ na g'a tuˬ, yawˇ hui na g'a ve chaw ceuˬ hkawˇ leh awˬ hk'aˇ teˇ hpa˗ hta˰ yehˇ leh, teˇ na˰ ka˰ biˇ chaweh˗ g'a tan˗ ma˗ piˇ ve yoˬ.

(B) Man mvuhˇ miˬ awˬ co zuhˬ leh, awˬ pa¯ haw˗ da˰ ve ui˗ la mvuh la ve kan¯ hk'aˇ (Myanmar Sustainable Development Plan - MSDP) ve te liˇ te hk'aˇ, dawˇ law kuiˬ teˇ hpa˗, te k'ai tuˬ awˬ hk'aˇ lon¯ teˇ hpa˗, kan¯ hk'aˇ leh hk'a haw˗-eh˗, g'a te ve yoˬ.

(C) Chehˇ kuiˬ oˇ ve awˬ hk'aw, awˬ paˇ awˬ kui leh ca caˇ g'a˰ caˇ tanˇ kaˬ naˬ hk'ai¯ a sha˰ hu hk'aˇ awˬ hk'oˆ luˬ kuiˬ heuˆ kuiˬ hpeh˰ k'ai piˇ lawˬ ve awˬ lawn cawˬ maˇ cawˬ ve hta˰ g'a shi˗ tuˬ, awˬ paˇ awˬ kui luˬ kuiˬ heuˆ kuiˬ chaˬ nyi ve leh ca caˇ g'a˰ caˇ tanˇ kaˬ naˬ hk'ai¯ a sha˰ hu hk'aˇ ui˗ la mvuh la ve awˬ hk'oˆ, heuˆ la kuiˬ hta˰ chaˬ nyi tehˆ nyi ve teˇ hpa˗ hta˰, ca¯ da˰ ve hta˗ naˆ beˆ ma˗ laˇ ve awˬ hk'aˇ hta˰ hk'a haw˗-eh˗, g'a te ve yoˬ.

## အခန်း(၆)

## စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၀။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသအတွင်း ဖော်ဆောင်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည်-

(က) စီမံကိန်း၏ အကျိုးအပြစ်နှင့် အကြောင်းအရာများကို စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသရှိ အခြေချနေထိုင်သူ ဒေသခံတိုင်းရင်းသားများ သိရှိနားလည်စေရန် ၎င်းတို့နားလည်သဘောပေါက်နိုင်မည့် ဘာသာစကားနှင့် နည်းလမ်းများကို အသုံးပြုလျက် ကြိုတင်၍ ပြည့်စုံတိကျစွာ ရှင်းလင်းချပြရမည်။

(ခ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မူဝါဒရေးရာ ဦးတည်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝတို့အပေါ် ထိခိုက်ပြောင်းလဲမှုဖြစ်ပေါ်စေနိုင်ခြင်းရှိမရှိ သိရှိနိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှုဆန်းစစ်ခြင်းတို့ကို သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(D) Aw˯ paˇ aw˯ kui heuˆ la kui˯ cha˯ tehˆ nyi ve leh, ca caˇ g'a˰ caˇ tanˇ ka˯ na˯ hk'aiˉ a sha˰ hu hk'aˇ uiˍ la mvuh la kui˯ aw˯ hk'oˆ, heuˆ la kui˯ cha˯ tehˆ nyi ve kanˉ hk'aˇ teˇ hpaˍ ve aw˯ hk'eh˰ hk'a peu-e˯ aw˯ hk'aw, aw˯ ti oˇ ka˯ lo chehˇ ve taiˇyeˇtaˇ hui leh jeh˯ hawˍ ve hta˰, keh˯ lehˍ ba lehˍ nyi maw˯ tcuh ve aw˯ hk'aw, g'a te ve yo˯.

21. Kanˉ hk'aˇ tanˍ maˍ paˍ leh˯-

(A) Te hk'aˇ uˉpaˍteˍ- 20 hta˰ peun leh, te the taˍ ve kanˉ hk'aˇ hta˰ maˇ taˍ te sheˍ htaˇ, g'oˍjiˇ htaˍ naˆ geh biˇ chaweh tanˍ maˍ leh dawˇ hk'aˇ g'a yu˯ ve yo˯.

(B) Kanˉ hk'aˇ te k'ai peu˯ ve law k'o, teˇ na˰ gu fan˯ teh taˍ ve aw˯ hk'aˇ teˇ hpaˍ leh, te k'ai peu˯ ve aw˯ lawn aw˯ tanˇ hta˰ g'oˍjiˇ htaˍ naˆ geh g'a tanˍ maˍ ve yo˯.

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ၏ အဆင့်အားလုံးတွင် ဒေသခံတိုင်းရင်းသားများနှင့်ဆွေးနွေးညှိနှိုင်းမှုများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရမည်။

၂၁။ စီမံကိန်းအဆိုပြုသူသည်-

(က) နည်းဥပဒေ ၂၀ အရ ဆောင်ရွက်ထားရှိမှုကို စီမံကိန်း မစတင်မီ ဝန်ကြီးဌာနသို့ ပြည့်စုံစွာ အစီရင်ခံ တင်ပြ ၍ သဘောထားမှတ်ချက်ရယူရမည်။

(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ပြီးစီး ပါက ကြိုတင်စီစဉ်ထားရှိမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## Awˬ taw-7

## Awˬ nu awˬ na

22. Taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve a hkaw-anˍ shonˇ kuiˬ naˬ kuiˬ cawˬ ve k’o, gu fanˬ ha˰ shaˉ piˇ ve leh, hpiˆ da˰ kuiˬ teˇ hpaˍ hta˰ pawnˇ da˰ jehˬ hawˍ ve leh te peuˬ piˇ ve te yanˇ, awˬ hawˉ lo ve kanˉ awˬ ceuˬ teˇ ceuˬ ceuˬ hta˰ caˉ da˰ ve tanˍ maˍ laˇ kuiˬ teˇ hpaˍ hta˰ te peuˬ ve maˇ g’a te.

(A) Suhˉ taˆ kuiˬ shaˉ naˉ teˇ maˬ maˬ ve g’uˇ suhˍ lo chaˬ nyi na nyi te chehˇ she˰ ve, dawˆ cheˆ hk’aˇ awˬ hk’oˆ, k’aw˰ hk’aw˰ kuiˬ, maˇ heˆ ka˰, gu pa kuiˬ te k’ai chehˇ she˰ ve kanˉ teˇ hpaˍ.

(B) Suhˉ jehˬ shaˉ naˉ teˇ maˬ maˬ dawˆ cheˆ te cheˆ peuˬ ve kanˉ teˇ hpaˍ

23. Taiˇ yeˇ taˇ chaw ceuˬ teˇ hpaˍ ve a hkaw-anˍ gu fanˬ ha˰ shaˉ ve, maˇ heˆ ka˰, hpiˆ da˰ kuiˬ te peuˬ piˇ ve kanˉ hk’aˇ hta˰ caˉ da˰ leh, caˉ da˰ ve chaw teˇ hpaˍ geh hk’aˬ hk’e ve peuˬ kuiˬ tawˆ kuiˬ hta˰ maˇ k’oˆ, g’awˆ ve maˇ g’a te.

## အခန်း(၇)

## အထွေထွေ

